ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့

ညွှန်ကြားချက်အမှတ်၊ ၃/ ၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ ၄ ရက်)

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်နှင့် အဆိုပါ ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကိုထုတ်ပြန်လိုက်သည်။

" အမိုးနီးယားဓာတ်ငွေ့ အသုံးပြုသော ရေခဲစက်ရုံများ နှင့် အအေးခန်းစက်ရုံများမှ လိုက်နာဆောင်ရွက်ရန် "

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးနည်းဥပဒေများ၊ နည်းဥပဒေ ၅၃၊ ၅၆၊ ၅၈၊ ၅၉၊ ၆၁၊ ၆၂၊ ၆၃ ပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံတစ်ဝန်းတည်ထောင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အမိုးနီးယားဓာတ်ငွေ့အသုံးပြုသော ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများသည် ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှစ၍ နောက်ဆက်တွဲပါ အချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၂။ ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများသည် ထုတ်လုပ်မှုပမာဏပေါ် မူတည်ပြီး ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း(Initial Environmental Examination- IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment- EIA)ကို ရေးဆွဲပြီး ယင်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့များသည် နောက်ဆက်တွဲပါအချက်များကို ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများမှ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် အနည်းဆုံး(၃)လ တစ်ကြိမ် ကွင်းဆင်းစစ်ဆေးပြီး မိမိတို့စစ်ဆေးတွေ့ရှိချက်ကို ကြီးကြပ်ရေးအဖွဲ့သို့ နည်းဥပဒေ-၄၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ (၇)ရက်အတွင်း တင်ပြရမည်။ ကြီးကြပ်ရေးအဖွဲ့သည် တင်ပြလာသော စစ်ဆေးတွေ့ရှိချက်များအပေါ် စိစစ်လျက် လိုအပ်သလို ညွှန်ကြားခြင်း၊ ကြီးကြပ်ခြင်းများ ပြု

လုပ်ပြီး ယင်းစစ်ဆေးတွေ့ရှိချက်နှင့် မိမိ၏ ညွှန်ကြားချက်၊ ကြီးကြပ်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ နည်းဥပဒေ-၃၈နှင့်အညီ ဆက်လက် အစီရင်ခံတင်ပြရမည်။

၄။ ဤညွှန်ကြားချက်ထုတ်ပြန်သည့်နေ့မှစ၍ လက်ရှိထုတ်လုပ်မှု ဆောင်ရွက်လျက်ရှိသော ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄.၅.၁၈

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ ၁၅၁၁(၁)/ စမရ(၄-၃)/ ၂၀၁၈(၁၁၆)
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
(.....ဝန်ကြီးဌာန)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
} ညီနောင်အသင်းအဖွဲ့များထံ ထပ်ဆင့်ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်
ဤဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်း/ ဦးစီးဌာနများအားလုံး
(.....)
အမိန့်ကြော်ငြာစာတွဲ
ဥက္ကဋ္ဌ၊ ဗဟိုဦးစီးအဖွဲ့
ဗဟိုဦးစီးအဖွဲ့ အဖွဲ့ဝင်များအားလုံး
ဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များအားလုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဥက္ကဋ္ဌ၊
---------- တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့
အတွင်းရေးမှူး၊
---------- တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့
} သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ဆက်လက်ဖြန့်ဝေပေးပါရန်

မိတ္တူကို
စက်မှုဝန်ကြီးဌာန
ရုံးလက်ခံ
မျှောစာတွဲ

အမိုးနီးယားဓာတ်ငွေ့ အသုံးပြုသော ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများမှ လိုက်နာဆောင်ရွက်ရန်အချက်များ

၁။ အမိုးနီယား ဘေးကင်းလုံခြုံရေး (Ammonia Safety)

(က) Ammonia ဓာတ်ငွေ့ဝယ်သည့်အချိန်နှင့် ဓာတ်ငွေ့ဖြည့်သွင်းသည့်အချိန်တွင် အဖွင့်အပိတ်ခလုတ်များအား ဂရုပြုကိုင်တွယ်ဆောင်ရွက်ရန်၊

(ခ) Ammonia ဓာတ်ငွေ့နှင့်ကိုက်ညီသည့် ဖိအားဒဏ်ခံနိုင်သည့် ဆလင်ဒါအိုးများ အသုံးပြုရန်၊

(ဂ) သံချေးမစားနိုင်သည့် ပိုက်များ အသုံးပြုရန်နှင့် ပိုက်လိုင်းတစ်လျှောက် Valve အရေအတွက် ပိုမိုထားရှိရန်၊

(ဃ) Ammonia ဓာတ်ငွေ့သုံးသည့် ရေခဲစက်များသည် ၂၄ နာရီ လည်ပတ်နေသည့် Continuous Process ဖြစ်သောကြောင့် မတော်တဆမှုများ ဖြစ်ပွားသည့်အခါ နီးစပ်ရာ Valve ကို ချက်ချင်းပိတ်ရန်၊

(c) Ammonia Gas အိုးများအား ခြောက်သွေ့၍ လေဝင်လေထွက်ကောင်းသော နေရာတွင် စနစ်တကျဒေါင်လိုက် သိုလှောင်ထားရှိရန်၊

(စ) Gas အိုးများအား ပွတ်တိုက်ဆွဲယူသယ်ဆောင်ခြင်း၊ လှိမ့်၍သယ်ဆောင်ခြင်း၊ စောင်း၍သယ်ဆောင်ခြင်းများအား ရှောင်ကြဉ်ရမည်ဖြစ်ပြီး ဘီးတပ်တွန်းလှည်း (Trollery) များဖြင့်သာ သယ်ဆောင်ရန်၊

(ဆ) Alarm System ပါဝင်သော Ammonia Gas Detector တပ်ဆင်ထားရှိရန်၊

(ဇ) Gas Line ၏ Piping နှင့် Joint ဆက်များ ယိုစိမ့်မှု မရှိစေရေး ပြုပြင်ထိန်းသိမ်းရန်အတွက် Maintenance Schedule ရေးဆွဲ၍ စက်ရုံကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်ရန်နှင့် Maintenance Log Book ထားရှိရန်၊

(ဈ) Ammonia Pipe Line များရှိ Pipe Line အဆက် Joint များကို Flange Type, Union အဆက်များအစား ယိုစိမ့်နိုင်ခြင်းမရှိသည့် Welded Joint များတပ်ဆင်အသုံးပြုရန်၊

(ည) Condenser Coil များသို့အဝင် Ammonia Pipe Line တွင် Safety Valve (၁)လုံး တပ်ဆင်ပြီး Outlet Pipe ကို ရေကန်အတွင်းသို့ မြုပ်နှံထားရှိရန်၊

(ဋ) စက်ရုံရှိ တပ်ဆင်ထားသော Temperature Gauge များဟောင်းနွမ်းပါက အသစ်လဲလှယ်တပ်ဆင်ရန်၊ Ammonia Pressure Gauge နှင့် Temperature Gauge များကို ပုံမှန် Calibration ပြုလုပ်ရန်၊

(ဌ) Ammonia ဓာတ်ငွေ့အား အသုံးမပြုခင် အန္တရာယ်ကင်းရှင်းမှုအဆင့်မှတ်တမ်းလွှာ (MSDS) အား ဖတ်ရှုပြီး လိုက်နာဆောင်ရွက်ရန်၊

(ဍ) လုပ်ငန်းခွင်အန္တရာယ် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိရန်။

၂။ **အန္တရာယ်သတိပေးတံဆိပ်ကပ်ခြင်း (Labelling)**

(က) လုပ်ငန်းခွင်ဧရိယာဝန်းကျင်တွင်လည်းကောင်း၊ သိုလှောင်ရာတွင်လည်းကောင်း အန္တရာယ်ရှိသည့်အကြောင်းအရာ ဖော်ပြထားသည့် Label များ၊ G.H.S ရုပ်ပုံတံဆိပ်များ၊ အန္တရာယ်သတိပေးစာတမ်း များ ချိတ်ဆွဲထားရန်၊

G.H.S Pictogram for Ammonia

- ဖိအားဖြင့်ထည့်သွင်းသောဓာတ်ငွေ့များ

- လောင်စားသွားခြင်း

- ပတ်ဝန်းကျင်အဆိပ်သင့်ခြင်း

- အသက်ရှူလမ်းကြောင်းထိခိုက်လွယ်ခြင်း

(ခ) Ammonia Gas အိုးများ အပေါ်တွင်ကပ်ရန်

- ဖိအားဖြင့်ထည့်သွင်းသောဓာတ်ငွေ့များ

၃။ **လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေး (Occupational Safety)**

(က) ရေခဲစက်ရုံ၌ Skillful Labor များသာ ခန့်ထားရန်၊

(ခ) လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်သူများအတွက် အသက်ရှူကာကွယ်ရေးကိရိယာများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(ဂ) Ammonia Gas အိုးများအား "First in-First out" နည်းစနစ်ဖြင့် အသုံးပြုရန် လိုအပ်ပြီး အပူနှင့်ဝေးကွာသောနေရာ၊ ကလေးသူငယ်များနှင့် ဝေးကွာသောနေရာများတွင် စနစ်တကျထားရှိသိုလှောင်ရန်၊

(ဃ) Ammonia ဓာတ်ငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော အန္တရာယ်များအကြောင်းကို စက်ရုံဝန်ထမ်းများမှ သိရှိနားလည်စေရန်နှင့် အန္တရာယ်ဖြစ်ပေါ်လာပါက ကာကွယ်နိုင်ရန် ကြိုတင်ဓာတ်တိုက် လေ့ကျင့်သင်ကြားပေးရန်၊

(င) Ammonia ဓာတ်ငွေ့၏ အန္တရာယ်အကြောင်း သိကောင်းစရာများအား စက်ရုံဝန်ထမ်းများကို Awareness ပြုလုပ်ပေးရန်၊

(စ) စက်ရုံဝန်ထမ်းများအား နှစ်စဉ် Medical Checkup ပြုလုပ်ပေးရန်။

၄။ **မီးဘေးလုံခြုံရေး (Fire Safety)**

(က) Ammonia ဓာတ်ငွေ့သည် မီးလောင်လွယ်ပြီး ရေတွင်ပျော်ဝင်လွယ်သော အဆိပ်ဓာတ်ငွေ့ဖြစ်သဖြင့် မတော်တဆမှု ဖြစ်ပွားပါက အသုံးပြုနိုင်ရန်အတွက် စက်ရုံနှင့် အနီးတဝိုက်တွင် ရေကန်များ လုံလောက်စွာထားရှိရန်၊

(ခ) မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း အရေအတွက် သတ်မှတ်ချက် ပြည့်မီစွာထားရှိရန်၊

(ဂ) Fog Water Spray များတပ်ဆင်ထားရှိရန်နှင့် မီးသတ်ဌာနသို့ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကို မြင်သာသည့်နေရာများ၌ ချိတ်ဆွဲထားရန်၊

(ဃ) မီးသတ်ဆေးဘူးများ လုံလောက်စွာထားရှိရန်။

၅။ **ကျန်းမာရေးထိခိုက်မှု (Health Impact)**

(က) အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ပါက ချက်ချင်းအဆိပ်သင့်မှုကိုဖြစ်စေ၍ အဆုပ်ရောင်ရောဂါများဖြစ်စေနိုင်သဖြင့် အသက်ရှူကာကွယ်ရေးကိရိယာများထားရှိရန်၊

(ခ) မျက်လုံး၏ချွေးပါးရောင်ရမ်းခြင်းနှင့် အကြိတ်အဖုဖြစ်စေခြင်း၊ ခန္ဓာကိုယ်အရေပြားရောင်ရမ်းခြင်းကြောင့် ခန္ဓာကိုယ်ရှိတစ်ရှူးများ လျင်မြန်စွာ သေစေနိုင်ခြင်းနှင့် ဝဲခြောက်နာကဲ့သို့ အမာရွတ်များဖြစ်စေနိုင်၍ စနစ်တကျ ကိုင်တွယ်အသုံးပြုရန်။

၆။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environmental Conservation)**

(က) ယခင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၂၉.၁၂.၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁၆/၂၀၁၅) ဖြင့်ထုတ်ပြန်ထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ရေခဲစက်များနှင့်အအေးခန်းစက်ရုံများသည် ထုတ်လုပ်မှုပမာဏအပေါ်မူတည်ပြီး ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination – IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) ရေးဆွဲထားရန်၊

(ခ) ရေနေအပင်နှင့် သတ္တဝါများအား ထိခိုက်နိုင်သည့်အတွက် Ammonia နှင့် Salt ပါဝင်သည့် ရေခဲစက်မှထွက်ရှိသည့်ရေများအား သင့်လျော်သော သန့်စင်မှုပြုလုပ်ပြီးမှသာ Drain သို့ စနစ်တကျ စွန့်ပစ်ရန်။